# နွေဦးတော်လှန်ရေး ဘာသာပေါင်းစုံကွန်ရက်
# သဘောထားကြေညာချက်

နေ့စွဲ ။ ။၂၇၊ စက်တင်ဘာလ၊ ၂၀၂၁ ။

စာအမှတ် ။ ။၅ / ၂၀၂၁

၁။ ယခုရက်ပိုင်းအတွင်း အကြမ်းဖက် ဖက်ဆစ်စစ်အုပ်စုက မြန်မာနိုင်ငံအနှံ့အပြားတွင် မတရားဖမ်းဆီး နှိပ်စက်သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိပြီး အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးယုံမက နေအိမ်များကိုပါ ချိတ်ပိတ် သိမ်းဆည်းခြင်းများကို တရားမဲ့ပြုကျင့်လျှက်ရှိသည်။

၂။ (၂၃ ၊ ၉ ၊၂၀၂၁ )ရက်နေ့က ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်တွင် အကြမ်းဖက် ဖက်ဆစ်များက ဝင်ရောက်ဖမ်းဆီးခြင်းပြုလုပ်ခဲ့ပြီး **ဘာသာပေါင်းစုံ ညီညွတ်ရေးလုပ်ငန်းများ လုပ်ဆောင်လျှက်ရှိသည့် နိုင်ငံရေးအကျဉ်းသားဟောင်း ဟိန္ဒူဘာသာဝင် ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုရာဂူးနေမြင့်** အပါအဝင် အပြစ်မဲ့ ပြည်သူတချို့အား မတရားဖမ်းဆီးသွားခဲ့သည်။

၃။ ၎င်းဖြစ်စဉ်တွင် မတရားဖမ်းဆီးခံခဲ့ရသည့် ပြည်သူများကို အကြမ်းဖက်မှုများဖြင့် ပုံဖျက်စွပ်စွဲခဲ့ပြီး နေအိမ်များကိုပါ ချိတ်ပိတ်သိမ်းဆည်းခဲ့ခြင်းကြောင့် မိသားစုဝင်များ အတိဒုက္ခရောက်ရလျှက်ရှိသည်။

၄။ (၂၅ ၊ ၉ ၊ ၂၀၂၁) နေ့ မနက်ကလည်း ရန်ကုန်မြို့မြေနီကုန်းတွင် လူငယ်သုံးဦးအား ဖက်ဆစ်များက ဖမ်းဆီးပြီး လမ်းမပေါ်တွင် သေနတ်ဖြင့် ပစ်သတ်ခဲ့ယုံမက အသက်မသေသေးသူများကိုပါ လူမဆန် ရက်စက်စွာ ကန်ကျောက်သတ်ဖြတ်ခဲ့သည့် ပြစ်မှုအားလည်း ကျူးလွန်ခဲ့သည်။

၅။ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအပါအဝင် လူမျိုးစုဒေသများတွင်လည်း အင်တာနက်နှင့်ဖုန်းလိုင်း ဖြတ်တောက်ခြင်းများ ပြုလုပ်ပြီး သတင်း အမှောင်ချကာ လူမျိုးစု တော်လှန်ရေးသမားများ နှင့် ပြည်သူများအား လေယာဉ်ပျံများဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း စသည့် မင်းမဲ့စရိုက် ဆန်သော လုပ်ရပ်များကို နေ့စဉ်ဆက်တိုက် ကျူးလွန်လျှက်ရှိသည်။

၆။ ထိုကဲ့သို့လုပ်ဆောင်မှုများကို ပြုလုပ်လျှက်ရှိသည့် ဖက်ဆစ်လူသတ်စစ်မိစ္ဆာများ၏ လုပ်ရပ်များကို မိမိတို့ ကွန်ရက်က စက်ဆုပ်ရွံရှာပြီး အပြင်းအထန်ရှုတ်ချကြောင်းနှင့် ဖိနှိပ်ညှဉ်းပန်းခံနေရသော ပြည်သူများနှင့်အတူ တစ်သားတည်း ရပ်တည်ကာ တော်လှန်ရေးကြီးအောင်မြင်ရန်အတွက် ဆက်လက် လက်တွဲတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။


**ဆက်သွယ်ရန်**

ဦးဇဝန , Signal +1 518 253 7135, Email - zshin660@gmail.com

ဦးဣဿရိယ ( မင်းသုည - ဗုဒ္ဓတက္ကသိုလ်) Signal +66637872712, Email - king.issariya@gmail.com

ဦးထွန်းကြည် (နိုင်/ကျဉ်း) , Signal +959 975277759 , Email - kokothukyifpps@gmail.com

ကိုသက်ဆွေဝင်း , Signal +959 798 423902 , Email - tomchopper86@protonmail.com

Fr.D Than Zin , Email - dhtway@gmail.com